# ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ၏ အစီရင်ခံစာ

## နိဒါန်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝယ်ယူထားသည့်စက်ယန္တရား (၄၅)စီးဖြင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များအလိုက် ကျေးလက်ဒေသ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်ရန် ဤအစီရင်ခံစာ ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

## လုပ်ငန်းဆောင်ရွက်ချက်များ

၂။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီမှ ကျေးလက်လမ်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး လမ်းဦးစီးဌာနနှင့် စက်ယန္တရား(မြောက်) လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ (၅.၆.၂၀၁၈)၊ (၁၅.၆.၂၀၁၈)၊ (၂၃.၈.၂၀၁၈)၊ (၁၄.၉.၂၀၁၈)၊ (၁၇.၉.၂၀၁၈)နှင့် (၂၁.၉.၂၀၁၈) နေ့များတွင် ညှိနှိုင်းအစည်းအဝေး (၆)ကြိမ် ပြုလုပ်၍ လုပ်ငန်းများစတင် အကောင်အထည်ဖော် နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

## စတင်ဆောင်ရွက်မည့် ဦးစားပေးမြို့နယ်များသတ်မှတ်ခြင်း

၃။ ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအရ အောက်ပါအတိုင်း ဦးစားပေး ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်-

(က) **ပထမဦးစားပေးဆောင်ရွက်မည့်မြို့နယ်များ**

(၁) မြင်းခြံမြို့နယ်

(၂) ကျောက်ပန်းတောင်းမြို့နယ်

(၃) တံတားဦးမြို့နယ်

(ခ) **ဒုတိယဦးစားပေးဆောင်ရွက်မည့်မြို့နယ်များ**

(၁) နွားထိုးကြီးမြို့နယ်

(၂) ညောင်ဦးမြို့နယ်

(၃) ကျောက်ဆည်မြို့နယ်

(ဂ) **တတိယဦးစားပေးဆောင်ရွက်မည့်မြို့နယ်များ**

(၁) တောင်သာမြို့နယ်

(၂) ငါန်းဇွန်မြို့နယ်

(၃) ပုသိမ်ကြီးမြို့နယ်

**စက်ယန္တရားများပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်မှု**

၄။ ပထမဦးစားပေးဆောင်ရွက်မည့် မြို့နယ်များဖြစ်သော မြင်းခြံမြို့နယ်၊ ကျောက်ပန်းတောင်း မြို့နယ်နှင့် တံတားဦးမြို့နယ်များသို့ အောက်ပါစက်ယန္တရား (၇)စီးစီဖြင့် (၃)မြို့နယ်ခွဲ၍စေလွှတ် ဆောင်ရွက်မည်ဖြစ်ပါသ ည်။

| | | |
|---|---|---|
| (က) | Dump Truck | (၃)စီးစီ |
| (ခ) | Back Hole | (၁)စီးစီ |
| (ဂ) | Excavator | (၁)စီးစီ |
| (ဃ) | Bulldozer | (၁)စီးစီ |
| (င) | Water Bowzer | (၁)စီးစီ |

**လုပ်ငန်းဆောင်ရွက်သည့်အချိန်ကာလသတ်မှတ်ခြင်း**

၅။ တစ်မြို့နယ်လျှင် (၃)လထက်မပိုသော လုပ်ငန်းများသာ ခွင့်ပြုဆောင်ရွက်မည်ဖြစ်ပြီး သတ်မှတ် ကာလထက် ကျော်လွန်သုံးစွဲပါက တစ်ရက်လျှင်ဒီဇယ်ဆီ (၅၀)ဂါလံ ပေးဆောင်၍ အဆိုပါဆီများကို ကော်မတီမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်ပါသည်။ စက်များ တစ်မြို့နယ်မှ တစ်မြို့နယ်သို့ ပြောင်းရွှေ့ရာတွင် လုပ်ငန်းဆောင်ရွက်သည့်မြို့နယ်မှ ကုန်ကျဆီ အားကျခံသုံးစွဲရန်ဖြစ်ပါသည်။ စက်ယန္တရားအသုံးပြုမှုကိုလည်း ပူးတွဲပါလုပ်ငန်း ဆောင်ရွက်မှု ဇယား အားလုံးတွင် မှတ်တမ်းရေးသွင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

**ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၆။ ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးကျေးလက်လမ်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီနှင့် မြို့နယ်ကျေးလက်လမ်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက် ထားရှိခဲ့ပါသည်-

(က) **တိုင်းဒေသကြီးကျေးလက်လမ်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ**

(၁) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဥက္ကဋ္ဌ

(၂) ကော်မတီဝင်(၆)ဦး (ပို့/ ဆက်/ ဆောက်ကော်မတီ) အဖွဲ့ဝင်

(၃) ဦးစီးအရာရှိ (စက်မှု)၊ တိုင်းဒေသကြီးကျေးလက်လမ်းဦးစီးဌာန အဖွဲ့ဝင်

(၄) ဦးစီးအရာရှိ (စက်မှု)၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန အဖွဲ့ဝင်

(၅) တိုင်းဦးစီးမှူး၊ တိုင်းဒေသကြီးကျေးလက်လမ်းဦးစီးဌာန တွဲဖက်အတွင်းရေးမှူး

(၆) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန အတွင်းရေးမှူး

(ခ) **မြို့နယ်ကျေးလက်လမ်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ**

(၁) သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်

(၃) မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၄) လက်ထောက်ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အဖွဲ့ဝင်

(၅) ဦးစီးအရာရှိ၊ သက်ဆိုင်ရာမြို့နယ်လမ်းဦးစီးဌာန အဖွဲ့ဝင်

(၆) ဦးစီးအရာရှိ (မြို့ပြ)၊ သက်ဆိုင်ရာကျေးလက်လမ်းဦးစီးဌာန အတွင်းရေးမှူး

**လုပ်ငန်းများစတင်ဆောင်ရွက်မည့်နေ့ရက်သတ်မှတ်ခြင်း**

၇။ ကျေးလက်လမ်းလုပ်ငန်းများကို ပထမဦးစားပေးမြို့နယ်များဖြစ်သည့် မြင်းခြံမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် တံတားဦးမြို့နယ်များသို့ (၂၅.၉.၂၀၁၈) နေ့မှစ၍ စက်ယန္တရားများ ပေးပို့၍ လုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ကျေးလက်အားကစားကွင်းဖော်ဆောင်ပေးခြင်း**

၈။ ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်သည့် ကျေးရွာများတွင် ကျေးလက် အားကစား ကွင်း(၁)ခုစီကိုလည်း အစိုးရအဖွဲ့မှ စက်သုံးဆီအကုန်ကျခံ၍ စီစဉ်ဆောင်ရွက် ပေးမည်ဖြစ်ပါ သည်။

**နိဂုံး**

၉။ ကျေးလက်ဒေသကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်၍ ကျေးလက်နေပြည်သူများ လူနေမှု အဆင့်အတန်း မြင့်မားလာစေရန်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စက်ယန္တရားများ စိုက်ထုတ်ပေးပြီး ကျေးရွာပြည်သူများမှ ကုန်ကျဆီများကျခံ၍ ဆောင်ရွက်မည့် လမ်းလုပ်ငန်းများကို ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီအနေဖြင့် အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ကြီးကြပ်မှုများဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**

**ပို့ဆောင်ရေး၊ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ**